## ကိုဗစ်-၁၉ ဖြစ်ပွားမှုအခြေအနေတွင် မြန်မာနိုင်ငံရှိ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းများအတွက် အစုအဖွဲ့များအကြား ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ ကြားဖြတ်လမ်းညွှန်

### အခြေခံအကြောင်း

လူသားချင်းစာနာမှုဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသူများသည် လုပ်ငန်းများ ဆောင်ရွက်ရာ၌ ထိခိုက်ခံစားရသူ များအပေါ် အပျက်သဘောသက်ရောက်နိုင်သည့် အန္တရာယ်များကို တတ်နိုင်သမျှ ဖယ်ရှား (သို့) လျှော့ချပေးနိုင်ရန် လုပ်ဆောင်သင့်သည်။ ၎င်းတွင် လူသားချင်း စာနာမှုဆိုင်ရာလုပ်ငန်း ဆောင်ရွက်သူများကြောင့် အကျိုးခံစားခွင့်ရှိသူများ အပေါ် ကျရောက်နိုင်သော ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များ (Physical risks)၊ ဝန်ဆောင်မှုပေးရာမှတဆင့် နိုင်ငံတော်၏ လုပ်ငန်းဆောင်တာများကို အစားထိုး ဆောင်ရွက်မိခြင်း နှင့် လူမျိုး၊ ၊ ဘာသာ (သို့မဟုတ်) ကျား၊မအပေါ် ခွဲခြားဆက်ဆံမှု တို့ပါဝင်သည်။ လူသားချင်းစာနာမှု ဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် မည်သည့် လှုပ်ရှား ဆောင်ရွက်မှုမှ မပြုလုပ်မီ ဖြစ်နိုင်ချေရှိသော အန္တရာယ်၊ အခြေခံအကြောင်းများ နှင့် အကျိုးဆက်များကို ကြိုတင်တွက်ချက်ပြီး ၎င်းတို့ကို ဖယ်ရှားရန် (သို့မဟုတ်) အနည်းဆုံး ဖြစ်ရန် စီမံထားရမည်။

*ဤမှတ်စုသည် လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းများအတွက် အထွေထွေလမ်းညွှန်သာ ဖြစ်ပြီးအစုအဖွဲ့များ၏ သီးခြားလုပ်ငန်းစဉ်များ အတွက် မရည်ရွယ်ပါ။ (အစုအဖွဲ့ဆိုင်ရာ သီးသန့်လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ အစုအဖွဲ့ ညှိနှိုင်းရေးမှူးနှင့် ကျေးဇူးပြု၍ ဆက်သွယ်ပါ)။ IASC ၏ ကြားဖြတ်လမ်းညွှန်ကိုလည်း ဤ link နေရာ မှာ ရရှိနိုင်ပါသည်။*

### လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေစဉ်အတွင်း ကျရောက်နိုင်သော အန္တရာယ်များကို ကာကွယ်ရေး နှင့် လျှော့ချရေး

လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးသူများ အနေဖြင့် ကိုဗစ်-၁၉ ကို သတိပြုရန် နှင့် ဗိုင်းရပ်စ်ပျံ့နှံ့ခြင်းအန္တရာယ်ကို လျှော့ချနိုင်မည့် ကာကွယ်ရေးအစီအမံများကို "**ထိခိုက်မှုမရှိစေသော**" ချဉ်းကပ်မှုကိုအသုံးပြုပြီး အကောင်အထည်ဖော်ရန် လိုအပ်သည်။

#### *IDP စခန်းများ နှင့် အနီးအနားရှိရပ်ရွာများသို့မသွားမီ*

၁။ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် အခြား လုပ်ငန်းဆောင်ရွက်နေသူများ (ထပ်ဆင့်ကန်ထရိုက်တာခွဲများ အပါအဝင်) အားလုံးသည် ဗိုင်းရပ်စ် အကြောင်းကို အပြည့်အဝ သိရှိပြီး ကြိုတင်ကာကွယ်ရေး အစီအမံများ ဖြစ်သည့် လက်ဆေးခြင်း၊ တစ်ခြားသူများနှင့် ခပ်ခွာခွာနေခြင်းစသည်များကို လိုက်နာဆောင်ရွက်ရမည်။

၂။ ဝန်ဆောင်မှု တိုက်ရိုက်ပေးနေသော ဝန်ထမ်းများ (ဥပမာ - ယာဉ်မောင်း)သည် IDP စခန်းများနှင့် အနီးပတ်ဝန်းကျင် အသိုင်းအဝိုင်းကို ကိုဗစ်-၁၉ မည်သို့မည်ပုံ စတင်ဖြစ်ပွားပြီး ကူးစက်ပျံ့နှံ့ နိုင်သည်ဆိုသည့် အန္တရာယ်ကို သိရှိနားလည်ပြီး မလိုအပ်ပဲ စခန်းများသို့ သွားလာခြင်းကို ရှောင်ကြဉ်ရမည်။

၃။ ဝန်ထမ်းများကို တစ်ကိုယ်ရည် ကာကွယ်စောင့်ရှောက်ရေးပစ္စည်းကိရိယာ (PPE) အသုံးပြုပုံ (နည်းပညာဆိုင်ရာ လမ်းညွှန် link) နှင့် နှာခေါင်းစည်းအသုံးပြုပုံ (နည်းပညာဆိုင်ရာလမ်းညွှန် link) တို့ကို သင်ကြားပေးပြီး အသုံးပြုမှုကို စောင့်ကြည့် သင့် သည်။ ဖျားနာခြင်းမရှိသူများသည် ဆေးဘက်ဆိုင်ရာ နှာခေါင်းစည်းများ အသုံးပြုရန်မလိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အကြံပြုထားသည်။ သို့သော် အချို့သော အခြေအနေများတွင် ဝတ်ဆင်ရန်လိုအပ်ပြီး ဝတ်ဆင်ပါက မည်သို့ဝတ်ဆင်ရမည်၊ မည်သို့ဖယ်ရှား စွန့်ပစ်ရမည် ဆိုသည့် သတ်မှတ်ထားသောလမ်းညွှန်ချက်များကို လိုက်နာရမည်။ အသက်ရှူ လမ်းကြောင်း ဆိုင်ရာ ရောဂါလက္ခဏာများရှိသူများသည် ဆေးဘက်ဆိုင်ရာ နှာခေါင်းစည်းများ ဝတ်ဆင်ပြီး ဆေးကုသမှုခံ ယူ သင့်သည်။

၄။ ဝန်ထမ်းအားလုံးသည် ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် အဓိကကျသော သတင်းစကားများ (ကြိုတင်ကာကွယ်ခြင်း၊ ရောဂါလက္ခဏာများ စသည်) ကို သေချာနားလည်ပြီး အခြားသူများကိုလည်း မျှဝေနိုင်ရမည်။

၅။ ဝန်ထမ်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ နှင့် အခြား လုပ်ငန်းဆောင်ရွက်နေသူများ အားလုံးသည် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံတော်အစိုးရမှ ချမှတ်ထားသော လမ်းညွှန်ချက်များကို လိုက်နာရမည်။

INTERIM

၆။ ကိုဗစ်-၁၉ အတည်ပြုလူနာများနှင့်အနီးကပ် ထိတွေ့မှုရှိခဲ့သည့် ဝန်ထမ်းသည် (၂၁)ရက်ကြာ သီးခြားနေထိုင်ရန်လိုအပ်ပြီး မိမိထံမှတဆင့် ဒေသခံအသိုင်းအဝိုင်းနှင့် ရပ်ရွာလူထုထံ ကူးစက်မှု မရှိစေရန် ထိတွေ့မိသည့် နေ့ရက်မှ စ၍ အလုပ်ခွင်သို့ လာရောက်ခြင်းမပြုရ။ ကိုဗစ်-၁၉ ရောဂါလက္ခဏာပြသူများသည် အလုပ်ခွင်သို့မလာပဲ ကျန်းမာရေး စောင့်ရှောက်မှုကို ချက်ချင်းရယူကာ သက်ဆိုင်ရာ အဖွဲ့အစည်းမှ ချမှတ်ထားသည့် မူဝါဒနှင့်အညီ လိုက်နာဆောင်ရွက်သင့်သည် (အမိပ္ပါယ်ဖွင့်ဆိုချက် link)။ *ထိခိုက်ခံရသော ဝန်ထမ်း၏ တာဝန်ဝတ္တရားများကို ၎င်း၏ လုပ်ဖော်ကိုင်ဘက်များသို့ ယာယီ လွှဲပြောင်းပေးသည့် အစီအမံများ ဆောင်ရွက်ရန် လိုအပ်သည်။*

၇။ ကြိုတင်ကာကွယ်ရေးလမ်းညွှန်နှင့်ကိရိယာများကို ဒေသန္တရ ကျန်းမာရေးအာဏာပိုင်များ၊ ဌာနဆိုင်ရာ ပေါင်းစပ် ညှိနှိုင်းရေး ဖိုရမ်များ နှင့် ညှိနှိုင်းဆွေးနွေးပြီး သေချာဖြန့်ဝေပေးသင့်သည်။ ၎င်းတွင် အဆိုပါ လမ်းညွှန်များကို စာရင်းသွင်းခြင်း၊ လုပ်ငန်းခွင်/ စခန်း တစ်ခုချင်းစီတိုင်းတွင် ဖြန့်ဝေထားရှိခြင်း (ဒေသခံ ဘာသာစကားဖြင့်) နှင့် အသိပညာဖြန့်ဝေခြင်းတို့ ပါဝင်သည်။

## လုပ်ငန်းများ စဉ်ဆက်မပြတ် လည်ပတ်နေရေး

၈။ လုပ်ငန်းများဆောင်ရွက်ရာတွင် အဖွဲ့အစည်း၏ လုပ်ငန်းစဉ်ဆက်မပြတ် လည်ပတ်နေရေး အစီအစဉ် (သို့မဟုတ်) အစီအစဉ်များ၏ အရေးပါမှုကို ပူးတွဲအကဲဖြတ်ခြင်းရလဒ် တို့အတိုင်း လိုက်နာသင့်သည်။ အသက်ကယ်ဆယ်ခြင်းနှင့် ဆက်စပ်သောလုပ်ငန်းများကို သက်ဆိုင်ရာဝန်ထမ်းနှင့် ရပ်ရွာလူထုအတွက် ဘေးကင်းနေသမျှ ကာလပတ်လုံး ဆက်လက်လုပ်ဆောင်သင့်သည်။ လူအများထိတွေ့မှုကို လျှော့ချနိုင်မည့် အစားထိုး လုပ်ငန်းစဉ်များကိုလည်း ကြိုတင်စီစဉ်ထားသင့်သည်။ (ဥပမာ - ဒေသခံ အာဏာပိုင်/စေတနာ့ဝန်ထမ်းများ မှတဆင့် ပံ့ပိုးခြင်း)

၉။ IDP စခန်းများတွင် လူစုလူဝေး စုရုံးမှုများကို ရှောင်ကြဉ်ရမည်။

၁၀။ လူအများထိတွေ့မှုကို အနည်းဆုံးထိ လျှော့ချနိုင်ရန် အစုအဖွဲ့များ၊ မိတ်ဖက်အဖွဲ့များအနေဖြင့် လိုအပ်ပါက အကူအညီ ဖြန့်ဝေမှု အကြိမ်ရေလျှော့ချခြင်း၊ အဖွဲ့များစုပေါင်း၍ ဝန်ဆောင်မှုပေးခြင်း စသည်ဖြင့် လုပ်ငန်းအစီအစဉ်များကို လိုသလို ညှိနှိုင်းဆောင်ရွက်သင့်သည်။

၁၁။ လုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း လူတစ်ဦးနှင့် တစ်ဦးကြား တစ်မီတာ အကွာအဝေးထားရှိပေးရမည်။ အထူးသဖြင့် အစားအသောက်များ ဖြန့်ဝေသည့်အခါ လူသားချင်းစာနာမှုဆိုင်ရာ ဝန်ထမ်းနှင့် ရပ်ရွာလူထုအကြား တိုက်ရိုက်ထိတွေ့မှု မရှိစေရန် စီမံထားရမည်။

၁၂။ ချောင်းဆိုးခြင်း၊ ဖျားနာခြင်း (သို့မဟုတ်) အသက်ရှူလမ်းကြောင်းဆိုင်ရာ ပြဿနာရှိသူကို လုပ်ငန်းခွင်နေရာသို့ မလာစေဘဲ ဆက်သွယ်ရမည့် ကျန်းမာရေးဝန်ထမ်း၏ အချက်အလက်များကို အသိပေးသင့်သည်။

၁၃။ လုပ်ငန်းခွင်နေရာတိုင်းတွင် ဝန်ထမ်းများနှင့် ရပ်ရွာလူထုများ လက်ဆေးရန်နေရာ၊ ဆပ်ပြာ နှင့် လက်သန့်ဆေးများ ထားရှိပေးရမည်။ ဝန်ထမ်းများအနေဖြင့် ဆပ်ပြာနှင့် အပိုပစ္စည်းများ စသည်များ ပြန်လည်ဖြည့်တင်းခြင်းကို သက်မှတ်ထားသည့် အကြံပြုချက်များအတိုင်း လိုက်နာဆောင်ရွက်ရမည်။

၁၄။ ဝန်ထမ်းများနှင့် ရပ်ရွာလူထုများ အနေဖြင့် လုပ်ငန်း မစတင်မီ၊ လုပ်နေစဉ် နှင့် အလုပ်ပြီးတိုင်း လက်ကို မကြာခဏဆေး သည့် အလေ့အကျင့်ကို မွေးမြူရမည်။ ခန္ဓာကိုယ်အပူချိန် စစ်ဆေးမှုများကိုလည်း လုပ်ဆောင်သင့်သည်။ အပူချိန်မြင့်မားနေသူကို တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ရမည်။

၁၅။ အစည်းအဝေး/လုပ်ငန်းခွင်နေရာများကို အသုံးမပြုမှီနှင့်အပြီးတွင် သန့်ရှင်းပြီး ပိုးသတ်ခြင်းကို လုပ်ဆောင်သင့်သည်။ (အထူးသဖြင့် လူအများ ထိတွေ့ကိုင်တွယ်သော နေရာ/မျက်နှာပြင်)

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ နည်းပညာဆိုင်ရာ လမ်းညွှန်ချက်စာရွက်စာတမ်းများအားလုံးကို ဤနေရာတွင်ရရှိနိုင်သည်။
https://www.who.int/emergencies/diseases/novelcoronavirus-2019/technical-guidance

INTERIM